# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

**အမိန့်ကြော်ငြာစာအမှတ်　၉ / ၂၀၁၈**

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သတ္တုတွင်းနည်းဥပဒေ အသစ်ထုတ်ပြန်နိုင်ခြင်းမရှိသေးမီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို လက်လုပ်လက်စား ထုတ်လုပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လက်လုပ်လက်စား ဆောင်ရွက်ခွင့်ပြုသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို အောက်ပါအတိုင်း သတ်မှတ်ခွင့်ပြုလိုက်သည် -

(က)　သတ္တု

ရွှေ၊ ငွေ၊ ခဲ၊ သွပ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊မင်းဂနီးစ်။

(ခ)　စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း

ထုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ လချေးဖြူ သို့မဟုတ် လချေးညို ၊ ကျောက်မီးသွေး၊ ဂဝံကျောက်၊ သဲကျောက်၊ ကျောက်ချဉ်၊ ဘောက်ဆိုက်။

(ဂ)　ကျောက်

ထုံးကျောက်(အလှဆင်)၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ လိပ်သဲကျောက်၊ ဂဝံကျောက်၊ သင်ပုန်းကျောက်၊ ပိုင်ရော့ဆီနိုက်၊ ဆာပင်တီနိုက်၊ ဟွန်းဗလင်းဒိုက်၊ ပယ်ရီဒိုတိုက်၊ အင်ဒီဆိုက်၊ ဗဆော့၊ ဒိုင်ယာဗေ့/ ဒိုလာရိုက်၊ ဒိုင်အိုရိုက်၊ မွန်ဇိုနိုက်၊ ကာ့ဆီလီကိတ် ၊ သဲကျောက်၊ သျှစ်ကျောက်၊ စရစ်လုံးကျောက်၊ ဂေါ်ဒန်ကျောက်။

၂။　(က)　အိမ်ထောင်စုတစ်စုလျှင် တစ်ဦးသာလျှောက်ထားခွင့်ရှိသည်။ တစ်ဦးလျှင် လုပ်ကွက် (၁)ကွက် သာလျှောက်ထားရမည်။

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် နိုင်ငံသားသည် ခွင့်ပြုမိန့်ရရှိရန် **ပူးတွဲ (၁)** ဖြင့် လျှောက်ထားရမည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူပြီး ခွင့်ပြုမိန့်ကို တစ်နှစ် သက်တမ်း သတ်မှတ်၍ **ပူးတွဲ (၂)** ဖြင့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်-

(၁) လျှောက်ထားသည့် မြေဧရိယာသည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေဧရိယာ မဟုတ်ခြင်း၊

(၂) ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း၊

(၃) လျှောက်ထားသူသည် ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်ရန်အတွက် ငွေကြေးခိုင်မာသူဖြစ်ခြင်း၊ စနစ်တကျတူးဖော်နိုင်သူဖြစ်ခြင်း။

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်တစ်ခုအတွက် ခွင့်ပြုသော ဧရိယာသည် အောက်ဖော်ပြပါဧရိယာထက် မပိုစေရ-

(က) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဖြစ်လျှင် ၅ ဧက၊

(ခ) ရွှေနှင့် အခြားအဖိုးတန်သတ္တုမှအပ အခြားသတ္တုနှင့် အလှဆင်ကျောက် ဖြစ်လျှင် ၃ ဧက၊

(ဂ) ရွှေနှင့် အခြားအဖိုးတန်သတ္တုဖြစ်လျှင် ၁ ဧက၊

၄။ ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး နှစ်လ ကြိုတင်၍ **ပူးတွဲ(၁)** ဖြင့် ခွင့်ပြုမိန့်အသစ် ပြန်လည်လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ နှစ်လ ကြိုတင်၍ လျှောက်ထားမှု မပြုပါက ဆက်လက် လုပ်ကိုင်လိုခြင်းမရှိဟု မှတ်ယူရမည်။

၅။ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကိုလိုက်နာရမည်။

(ခ) ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရာတွင်လုပ်ငန်းအမျိုးအစားအလိုက် **ပူးတွဲ(၃)** ပါ သတ်မှတ်သည့် စက်ကိရိယာများကိုသာ အသုံးပြုရမည်။မြေထိုးစက်၊ မြေကော်စက်များသုံးစွဲ ခြင်း မပြုရ။

(ဂ) တားမြစ်ကန့်သတ်ထားသော ဓာတုပစ္စည်းနှင့် ဓာတ်ဆေးများကို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုချက်ရယူရမည်။ သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း တိကျစွာ လိုက်နာ၍ ဆောင်ရွက်ခြင်းနှင့်သုံးစွဲ ခြင်းပြုရမည်။

(ဃ) တူးဖော်ရေးဧရိယာအတွင်း ခွင့်ပြုမိန့်ပါ ဓာတ်သတ္တုကို စည်းကမ်းများနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်။

(င) တူးဖော်ရေးဧရိယာသို့ ဝင်ရောက်နိုင်ရန် တည်ရှိပြီး လမ်းများ၊ တံတားများ၊ ဆိပ်ခံတံတားများကို ဥပဒေနှင့်အညီ အသုံးပြုခွင့်ရှိသည်။

(စ) ဓာတ်သတ္တုထုတ်ကုန်များကို ပြည်တွင်း၌သာ စည်းကမ်းများနှင့်အညီ ရောင်းချခွင့်ရှိသည်။

၆။ ဓာတ်သတ္တုလက်လုပ်လက်စား လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စစ်ဆေးကြီးကြပ်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အောက်ပါတို့ကို တိကျစွာလိုက်နာဆောင်ရွက်ရမည် -

(က) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း၊ ပိတ်တန်းများ ပြုလုပ်၍ တူးဖော်ခြင်း၊ ဆင်းတွင်းနှင့် ကလိုင်များပြုလုပ်တူးဖော်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်းမပြုရ၊

(ခ) တောင်ကျရေဆင်းလမ်းများ၊ လျှိုမြောင်များ၊ မြစ်ချောင်းများနှင့် သဘာဝရေဝေရေလဲနေရာများတွင် မြေစာနှင့် ကျောက်တုံး၊ ကျောက်ခဲများ စွန့်ပစ်ခြင်း လုံးဝမပြုရ၊

(ဂ) မျှောစင်များ ပြုလုပ်၍ ရေပန်းထိုး ရှာဖွေခြင်း၊ ရေပန်းထိုး၍ မျှောတိုက်ခြင်းများ ဆောင်ရွက်ရာတွင် နုန်းစုကန် ၊ ရေစစ်ကန်၊ ရေကြည်ကန်များ စနစ်တကျပြုလုပ်၍ ဖြတ်သန်းစေပြီး သန့်စင်ပြီးသည့် ရေများကိုသာ မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရမည်။

(ဃ) တူးဖော်ဆဲနှင့် တူးဖော်ပြီးပါက တူးဖော်ပြီးနေရာများကို မြေပြန်လည်ပြုပြင်ခြင်း၊ ဒေသနှင့် ကိုက်ညီသည့် အပင်များ ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်မှုအတွက် မြန်မာ့သတ္တုတွင်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုဆိုင်ရာ အခွန်အခများ စည်းကြပ်ကောက်ခံရမည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၅ခွဲ(၂)၁၈ /သတ္တု ( ၁၆၂၆ )

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

**<u>ဖြန့်ဝေခြင်း</u>**

**နိုင်ငံတော်သမ္မတရုံး**

**သမ္မတဦးစီးရုံး**

ဒုတိယသမ္မတဦးစီးရုံးများ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သတ္တုတွင်းဦးစီးဌာန

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

| | | |
|---|---|---|
| ပြန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | } | မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

ဌေးအောင်

အမြဲတမ်းအတွင်းဝန်

ပုံစံ(၁)

ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန်

ခွင့်ပြုမိန့် လျှောက်လွှာ

ရက်စွဲ၊ ၂၀. . . . ခုနှစ်၊ . . . . . . . .လ ရက်

သို့

ဥက္ကဋ္ဌ

တိုင်းဒေသကြီး / ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့

. . . . . . . . . . . . . . . . . .တိုင်းဒေသကြီး / ပြည်နယ်

**အကြောင်းအရာ။ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း**

ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုပါသဖြင့် ခွင့်ပြုမိန့် ထုတ်ပေး ပါရန် အောက်ပါအချက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

၁။ ဓာတ်သတ္တု အမျိုးအစား. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၂။ လျှောက်ထားသည့် နိုင်ငံသားနှင့်စပ်လျဉ်း၍ -

(က) အမည် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ခ) အမျိုးသားမှတ်ပုံတင် အမှတ်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ် . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဂ) အလုပ်အကိုင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဃ) အမြဲတမ်းနေရပ်လိပ်စာ၊ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(င) ဖုန်း/ ဖက်စ် အမှတ်၊ အီးမေးလ် လိပ်စာ . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၃။ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့် ရလိုသည့် လုပ်ကွက်ဧရိယာနှင့် စပ်လျဉ်း၍ -

(က) လုပ်ကွက်ဧရိယာ၏တည်နေရာ (ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်) .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ခ) လုပ်ကွက်ဧရိယာ အကျယ်အဝန်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဂ) နယ်နိမိတ်သတ်မှတ်ချက် (၁လက်မ၊ ၁မိုင်စကေးမြေပုံညွှန်း နှင့် UTM မြေပုံညွှန်း) . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဃ) ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန်အတွက် မြင်းကောင်ရေအား (အင်ဂျင်စက်ပစ္စည်း တစ်ခုလျှင် မြင်းကောင်ရေ ၂၅ ကောင်ထက် မပိုစေဘဲ စုစုပေါင်း မြင်းကောင်ရေ ၅၀ ထက် မပိုသော အင်ဂျင်စက်) နှင့် စက်ပစ္စည်း အရေအတွက်ကို ဖော်ပြရန် )..........................................................................................................................................................

(င) အသုံးပြုမည့် သာမန်လက်သုံးကိရိယာများ ..........................................................................................................

၄။ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရာတွင် အောက်ပါတို့ပါဝင်သော တူးဖော်မှု လုပ်ငန်းအစီအစဉ် -

(က) တစ်လ သို့မဟုတ် တစ်နှစ် ထုတ်လုပ်ရန် ခန့်မှန်းသည့် တန်ချိန်ပမာဏ၊ ..........................................................................................................

(ခ) မတည်ရင်းနှီးမြှုပ်နှံမှု ခန့်မှန်းချက်၊ ..........................................................................................................

(ဂ) ဓာတ်သတ္တုထုတ်ကုန်များအား ရောင်းချဖြန့်ဖြူးမှု အစီအစဉ်၊ ..........................................................................................................

၅။ အောက်ပါ အချက်အလက် အထောက်အထားများကို ပူးတွဲ၍ တင်ပြအပ်ပါသည် -

(က) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ခ) ခွင့်ပြုမိန့်လျှောက်ထားသူ နေထိုင်ရာဒေသရှိရဲစခန်း၏ ထောက်ခံချက်၊

(ဂ) အဆိုပြုလုပ်ကွက်ဧရိယာကို ၁လက်မ၊ ၁ မိုင်စကေးမြေပုံညွှန်းနှင့် UTM မြေပုံညွှန်း ရောင်စုံဓာတ်ပုံ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စီစစ်ချထားပေးရေးအဖွဲ့မှ တင်ပြရန် သီးခြားတောင်းဆိုသည့် အချက်အလက်များ။

၆။ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက် -

အထက်ဖော်ပြပါ အချက်အလက်များနှင့် ပူးတွဲပါအချက်အလက်များအားလုံး မှန်ကန်ကြောင်းနှင့် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ..............................

အမည် ..............................

(လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုးရန်ဖြစ်ပါသည်။)

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့

## ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်

**ခွင့်ပြုမိန့် အမှတ်**............... ရက်စွဲ၊ ၂၀....ခုနှစ်၊ ......လ ရက်

..............တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် အောက်ဖော်ပြပါ နိုင်ငံသားအား ခွင့်ပြုသည့် လုပ်ကွက်ဧရိယာအတွင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၁၀ နှင့် နည်းဥပဒေ ၉၆ တို့အရ ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူပြီး ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

၁။ ခွင့်ပြုမိန့်ရရှိသည့် နိုင်ငံသား -

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်..................................

..................................................

(ခ) နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ဖက်(စ်)အမှတ်၊ အီးမေးလ် လိပ်စာ.......

..................................................

၂။ ခွင့်ပြုသည့် ဓာတ်သတ္တုအမျိုးအစား -..........................................

၃။ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုသည့် လုပ်ကွက်ဧရိယာ -

(က) တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်)...............

..................................................

(ခ) အကျယ်အဝန်း (ဧက)..................................................

(ဂ) နယ်နိမိတ်သတ်မှတ်ချက် ..................................................

..................................................

၄။ ခွင့်ပြုမိန့် သက်တမ်း (၁) နှစ် (..........) ရက်နေ့မှ (............) ရက်နေ့ထိ။

၅။ ခွင့်ပြု လုပ်ကွက် ဧရိယာ၏နယ်မြေရှိ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း...............

..................................................

၆။ ခွင့်ပြု လုပ်ကွက် ဧရိယာမှ တစ်ဆင့်သွားလာဝင်ထွက်ခွင့်ရှိသည့် မြို့နယ်............

..................................................

၇။ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရေးကာလ ပုံသေမြေငှားရမ်းခ (Dead Rent) -.

..................................................

၈။ ခွင့်ပြုသည့် ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရေးစနစ်...................

..................................................

၉။ ခွင့်ပြုမိန့် ရရှိသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

ဥက္ကဋ္ဌ

တိုင်းဒေသကြီး/ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့

...............တိုင်းဒေသကြီး/ ပြည်နယ်

၁။ ခាတ်သတ္တု လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုသည့် လုပ်ကွက်ဧရိယာ အတွင်း၌သာ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝင်ရောက် လုပ်ကိုင်ခွင့်ရှိသည်၊

(ခ) ဓာတ်သတ္တု လက်လုပ်လက်စားထုတ်လုပ်ရေး ဧရိယာအတွင်း ခွင့်ပြုမိန့်နှင့် သက်ဆိုင်သည့် ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်၊

(ဂ) ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရေးလုပ်ငန်းကို မစတင်မီနှင့် မရပ်ဆိုင်းမီ သက်ဆိုင်ရာ နယ်မြေဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့်အရာရှိထံ ကြိုတင်အသိပေးအကြောင်းကြားရမည်၊

(ဃ) ခွင့်ပြုမိန့် ဓာတ်ပုံမိတ္တူကို လုပ်ငန်းခွင်တွင် ချိတ်ဆွဲထားရှိပြီး မူရင်းကို လုံခြုံစွာ ထိန်းသိမ်းထားရှိရမည်၊

(င) မိမိအား တရားဝင်လုပ်ကိုင်ခွင့်ပြုထားသော ဧရိယာအတွင်း (ခွင့်ပြုဧရိယာနယ်နိမိတ်အနားသတ်မျဉ်းမှ အောက်သို့တည့်မတ်စွာဆွဲသည့် ဒေါင်လိုက်မျဉ်းများအတွင်း) ၌သာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရမည်၊

(စ) ယမ်းနှင့် ဆက်စပ်သုံးပစ္စည်းများ အသုံးမပြုရ၊

(ဆ) တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့် နယ်မြေဒေသ လုပ်ကွက်အတွင်းမှ ခွင့်ပြုထားသည့် ဓာတ်သတ္တုကိုသာ ခွင့်ပြုထားသည့် နည်းစနစ်အတိုင်း တူးဖော်ထုတ်လုပ်ရမည်။ အခြားမည်သည့် စီးပွားရေးလုပ်ငန်းကိုမျှ လုပ်ကိုင်ခွင့်မပြု၊

(ဇ) ခွင့်ပြုမိန့်ပါ ဓာတ်သတ္တုနှင့်စပ်လျဉ်း၍ တူးဖော်ရရှိမှု ၊ ရောင်းချမှုနှင့် လက်ကျန်ပမာဏတို့ကို လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ပုံစံဖြင့် လစဉ်အစီရင်ခံစာ ပေးပို့ရမည်၊ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာနသို့ မိတ္တူပေးပို့ရမည်၊

(ဈ) တူးဖော်ထုတ်လုပ်ရရှိသည့် ဓာတ်သတ္တုများကို ရောင်းချပါက သတ်မှတ် စည်းကြပ်သည့် ဓာတ်သတ္တုခွန်ကို ပေးဆောင် ရမည်၊

(ည) တူးဖော်ထုတ်လုပ်မည့် လုပ်ကွက်တွင်းလုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမားစာရင်းကို အမည်၊ အသက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံပြုစု၍ လုပ်ကွက်တွင် ထားရှိရမည်။ မိတ္တူတစ်စောင်ကို လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပေးပို့တင်ပြရမည်၊ (အလုပ်သမားစာရင်း အပြောင်းအလဲရှိတိုင်း ချက်ချင်းတင်ပြရမည်၊)

(ဋ) လုပ်ငန်းခွင်တွင် အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထိခိုက်သေဆုံးခြင်းနှင့် နည်းဥပဒေအရ သတင်းပို့ရမည့် မတော်တဆမှုများ ဖြစ်ပွားပါက မြန်မာ့သတ္တုတွင်း ဥပဒေနှင့် နည်းဥပဒေများအရ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရှိ သတ္တုတွင်း ဦးစီးဌာန ရုံးခွဲတာဝန်ခံမှတစ်ဆင့် စစ်ဆေးရေး အရာရှိချုပ်ထံ သတင်းပေးပို့ရမည်။ အလုပ်သမားလျော်ကြေး အက်ဥပဒေနှင့် အကြုံးဝင်သည့် ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ သေဆုံးခြင်းဖြစ်ပေါ်ပါက ခွင့်ပြုမိန့်ရရှိသူကလျော်ကြေးပေးရန် တာဝန်ယူ ရမည်။ ထို့ပြင် ခွင့်ပြုမိန့်ရရှိသူသည် အလုပ်သမားများနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်၊

(ဌ) မိမိအား ခွင့်ပြုထားသည့် ဧရိယာအား နယ်နိမိတ် တိုင်းတာသတ်မှတ် စိုက်ထူခြင်း ကို မိမိကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ထားရှိရမည်၊

(ဍ) ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ထိခိုက်မှုမဖြစ် စေရန် စီမံဆောင်ရွက်ရမည်၊

(ဎ) ဥပဒေအရ ပေးဆောင်ရမည့် ပုံသေမြေငှားရမ်းခ (Dead Rent)ကို ပေးသွင်းရန် သတ်မှတ်သည့်နေ့မှ တစ်လအတွင်း လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပေးသွင်းရမည်၊

(ဏ) ဓာတ်သတ္တု ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် ခွင့်ပြုဓာတ်သတ္တု အမျိုးအစား မှအပ အခြားဓာတ်သတ္တု များနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ တွေ့ရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သို့ ချက်ခြင်း သတင်းပို့ရမည်၊

(တ) သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသော ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲခွင့် ရှိသည့် မြေအတွင်း သစ်ပင်ခုတ်လှဲခြင်းနှင့်မြေတူးဆွခြင်း တစ်စုံတစ်ရာ ပြုလုပ်ပါက သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ ကြိုတင် ခွင့်ပြုချက်ကို ရယူရမည်၊

(ထ) မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါ အားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာရမည်။

၂။ ဤခွင့်ပြုမိန့်အား သတ်မှတ်သည့် စည်းကမ်းဆောင်အတွင်းမြေပိုင်ဆိုင်မှုနှင့်သော်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သော်လည်းကောင်း အငြင်းပွားမှုများ၊ စောဒကတက်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမှုနှင့်သက်ဆိုင်သော တိုင်ကြားချက်များဖြစ်ပွားပါက ခွင့်ပြုမိန့် ရရှိသူကသာ တာဝန်ယူဖြေရှင်းရမည်။ ထိုသို့ မဖြေရှင်းနိုင်ပါက လုပ်ကိုင်ခွင့် ရပ်ဆိုင်းခြင်း၊ ပေးသွင်းထားသည့်အခွန်အခနှင့် အခြားပေးသွင်းမှုများ သိမ်းယူခြင်း၊ လုပ်ကွက် ပြန်လည် သိမ်းယူခြင်း ခံရမည်ကို သဘောတူ ဝန်ခံကတိပြုရမည်။

၃။ ဤခွင့်ပြုမိန့်အရ ခွင့်ပြုထားသော လုပ်ကွက်ဧရိယာအတွင်း နိုင်ငံခြားသားများအား ဝင်ရောက်ခွင့်၊ လုပ်ကိုင်ခွင့် မပြုရ။

========================

ဓာတ်သတ္တုအမျိုးအစားအလိုက် အသုံးပြုရန် ခွင့်ပြုသည့် စက်ကိရိယာများ

| စဉ် | ဓာတ်သတ္တုအမျိုးအစား | စက်ကိရိယာ အမျိုးအစား | | မှတ်ချက် |
|---|---|---|---|---|
| (၁) | စက်မှုတွင်းထွက် ကုန်ကြမ်း | မြေသယ် ယာဉ် ၁စီး | ယာဉ် (၁) စီးလျှင် ဝန်ဆောင်မှုအင်အား ၁.၅ တန် အထိ | အင်ဂျင်စက် တစ်ခုလျှင် မြင်းကောင်ရေ ၂၅ ထက်မပိုစေရ။ အင်ဂျင်စက်တစ်ခုမက သုံးစွဲပါက စုစုပေါင်း မြင်းကောင်ရေ ၅၀ ထက် မပိုရ။ |
| (၂) | ရွှေနှင့် အခြား အဖိုးတန် သတ္တုမှအပအခြား သတ္တုနှင့် အလှဆင် ကျောက် | - | - | အင်ဂျင်စက် တစ်ခုလျှင် မြင်းကောင်ရေ ၂၅ ထက်မပိုစေရ။ အင်ဂျင်စက်တစ်ခုမက သုံးစွဲပါက စုစုပေါင်း မြင်းကောင်ရေ ၅၀ ထက် မပိုရ။ |
| (၃) | ရွှေနှင့်အခြားအဖိုးတန် သတ္တု | - | - | အင်ဂျင်စက်ပစ္စည်း တစ်ခုလျှင် မြင်းကောင်ရေ ၂၅ထက် မပိုစေသည့် အင်ဂျင်စက် တစ်ခုကိုသာ အသုံးပြုနိုင်သည်။ |